# (၃၂)ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**“လောက၏ဘုရင်သည် တရားတော်အတွက် အသေခံသောကျွန်ုပ်တို့ကိုထာဝရ အသက်ရှင်ခြင်းချမ်းသာကို ထမြောက်စေမည်။”**

***မက္ကာဘီအထုပ္ပတ္တိကျမ်း၊ ဒုတိယစာစောင် - ၇၊၁မှ၂နှင့် ၉မှ၁၄။***

ထိုကာလ၌ဘုရင်သည် ညီအစ်ကိုခုနစ်ဦးတို့ကို မိခင်နှင့်အတူ ဖမ်းဆီးပြီးလျှင်ကြိမ်များနှင့်ရိုက်နှက်ညှဉ်းဆဲ ပြီးနောက်၊ စားရန်အခွင့်မရှိသော ဝက်သားများကို အတင်းအဓမ္မစားခိုင်းလေ၏။ ထိုသူတို့အထဲမှ တစ်ယောက်က အားလုံးတို့၏ကိုယ်စား “သင်တို့သည် အဘယ်အရာကိုမေးမြန်းလိုကြသနည်း။ အဘယ်အရာကိုသိလိုကြသနည်း။ ကျွန်ုပ်တို့သည်ဘိုးဘေးတို့၏ တရားဥပဒေထုံးတမ်းများကိုဆန့်ကျင်သည်ထက် အသက်အသေခံရန်အဆင်သင့် ရှိကြသည်”ဟု ပြောကြားလေ၏။ သူသည်အသက်ထွက်ခါနီးတွင် “အလွန်ဆိုးယုတ်သောအသင်၊ ဤဘဝ၌ကျွန်ုပ် တို့ကိုသင်ဖျက်ဆီးလေပြီ။ သို့သော်လောက၏ဘုရင်သည် တရားတော်အတွက် အသေခံသောကျွန်ုပ်တို့ကို ထာဝရ အသက်ရှင်ခြင်းချမ်းသာသို့ ထမြောက်စေမည်” ဟုပြောလေ၏။ ဤသူပြီးနောက် တတိယ သားအားပျက်ရယ်ပြု ကြလေ၏။ လျှာကိုအထုတ်ခိုင်းသဖြင့် ချက်ခြင်းထုတ်ပေး၍ သတ္တိရှိရှိလက်များကို ဆန့်တန်းပေးလေ၏။ ထို့နောက် “ဤအရာကိုကောင်းကင်မှ ကျွန်ုပ်ရ၏။ကိုယ်တော်၏တရားတော်ကြောင့် ဤအရာများကိုခုံမင်ခြင်းမရှိ။ ထိုအရာ များကိုဘုရားသခင်ထံတော်မှ တစ်ဖန်ပြန်ရမည်ဟု ကျွန်ုပ်မျှော်လင့်ပါ၏” ဟုရဲရင့်စွာပြောဆိုလေ၏။ သို့ဖြစ်၍ ဘုရင်မှစ၍သူနှင့်အတူရှိသောသူ အပေါင်းတို့သည် လူငယ်၏စိတ်ဓါတ်ကြံ့ခိုင်မှု၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို လုံးဝဂရုမထားမှုတို့ကို အံ့သြကြလေ၏။ ဤကဲ့သို့ ဤသူသေပြီးနောက် စတုတ္ထသားကိုညှဉ်းပန်းနှိပ်စက်ကြလေ၏။ သူသည် သေရန်အဆင်သင့်ရှိသောအခါ “လူတို့လက်မှအသတ်ခံရပြီး ဘုရားသခင်ထံတော်မှ ပြန်လည်ရှင်ပြန်ရမည်ဟူသော မျှော်လင့်ခြင်းကိုစောင့်ငံ့နေခြင်းကားသာ၍ ကောင်း၏။ အသင်မူကား အသက်ရှင်ခြင်းချမ်းသာသို့ထမြောက်ရ လိမ့်မည်မဟုတ်” ဟုပြောလေ၏။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်း ကျေးခြင်း။**

**ဆာလံ -၁၆။**

သံပြိုင်။ ။ အိုသခင် ကျွန်ုပ်သည် အိပ်ယာမှနိုးသောအခါ ကိုယ်တော်၏မျက်မှောက်တော်၌ကျွန်ုပ်အလို ဆန္ဒပြည့်စုံပါလိမ့်မည်။

☐ အိုသခင် ကျွန်ုပ်၏ဖြောင့်မတ်သောအမှုကို ဂရုပြုတော်မူပါ။ကျွန်ုပ်၏ ဆုတောင်းသံ ကိုနားညောင်း တော်မူပါ။ ကောက်ကျစ်စဉ်းလဲခြင်းကင်းသော နှုတ်များဖြင့် ကျွန်ုပ်လျှောက်တောင်းသည်ကို နားညောင်းတော်မူပါ။ (သံပြိုင်)

	ကျွန်ုပ်၏ခြေရာများတို့သည် လွဲမှားမသွားရန်ကိုယ်တော်၏လမ်းစဉ်တို့၌ ကျွန်ုပ်၏ခြေလှမ်းများကို ထိမ်းသိမ်းပေးတော်မူပါ။ အိုဘုရားသခင် ကိုယ်တော်သည် ကျွန်ုပ်ကိုနားညောင်းတော်မူသော ကြောင့်ကိုယ်တော့်ထံသို့ကျွန်ုပ်ကြွေးကြော်ပါပြီ။ ကျွန်ုပ်အားနားစွင့်၍ ကျွန်ုပ်ဆုတောင်းသံကို နားညောင်းတော်မူပါ။

	မျက်လုံး၌မျက်ဆန်ပမာကျွန်ုပ်ကိုကွယ်ကာစောင့်ရှောက်တော်မူပါ။ကိုယ်တော့် အတောင်တို့၏ အရိပ်အာဝါသအောက်၌ကျွန်ုပ်ကိုဖုံးအုပ်ထားတော်မူပါ။ကျွန်ုပ်မူကား ဖြောင့်မတ်ခြင်း တရား၌ ကိုယ်တော်၏မျက်နှာ တော်ကိုဖူးမြင်ရပါလိမ့်မည်။ ကျွန်ုပ်သည် အိပ်ရာမှနိုးထသောအခါ ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ် အလိုဆန္ဒပြည့်စုံပါလိမ့်မည်။ (သံပြိုင်)

## **ဒုတိယကျမ်း။**

### **"သခင်ဘုရားသည် သင်တို့ပြောသဆိုသမျှ၊ လုပ်ဆောင်သမျှတို့၌ ခွန်အားဖြည့်တင်း ပေးပါစေသော်။"**

***မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး၊ သက်ဆာလိုနီမြို့သားတို့ထံရေးသောစာ။ ဒုတိယစောင်။ (၂၊ ၁၅ မှ ၃၊ ၅ အထိ)***

ညီအစ်ကိုတို့-

	ကျွန်ုပ်တို့ကိုချစ်တော်မူ၍ ကျေးဇူးတော်အားဖြင့် ကောင်းသောမျှော်လင့်ခြင်းကိုလည်းကောင်း၊ ထာဝရ နှစ်သိမ့်ခြင်းကိုလည်းကောင်း ပေးတော်မူသောကျွန်ုပ်တို့၏အဖ၊ ခမည်းတော်ဘုရားနှင့် ကျွန်ုပ်တို့၏သခင်ယေဇူး ခရစ္စတူးကိုယ်တော်တိုင်သင်တို့၏နှလုံးကိုနှစ်သိမ့်စေတော်မူ၍ သင်တို့ပြောဆိုသမျှ၊ လုပ်ကိုင်သမျှတို့၌ ခွန်အား ဖြည့်တင်းပေးပါစေသော်။ ညီအစ်ကိုတို့၊ နောက်ဆုံးကျွန်ုပ်ပြောလိုသည်မှာ၊ ကျွန်ုပ်တို့အဖို့ ဆုတောင်းကြလော့။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်သည် သင်တို့ထံ၌ပျံ့နှံ့၍ ဘုန်းထင်ရှားသကဲ့သို့၊ ထင်ရှားစေခြင်းငှာလည်းကောင်း၊ ကျွန်ုပ်တို့သည်မကောင်းဆိုးညစ်သောသူတို့နှင့် အနှောင့်အယှက်ပေးသော သူတို့ထံမှ လွတ်မြောက်ခြင်းငှာလည်းကောင်း၊ ဆုတောင်းကြလော့။ အဘယ့်ကြောင့်ဆိုသော် လူအားလုံးတို့သည် ယုံကြည်ခြင်းရှိသည်မဟုတ်။ ဘုရား သခင်မူကား သစ္စာသမ္မဓိရှိတော်မူ၏။ကိုယ်တော်သည် သင်တို့ကိုတည်တံ့ခိုင်မြဲစေတော်မူ၍ မကောင်းမှုမှကွယ် ကာတော်မူလိမ့်မည်။ သင်တို့အား ကျွန်ုပ်တို့မိန့်မှာခဲ့ကြသည်အတိုင်း ယခုလိုက်ကျင့်နေကြသကဲ့သို့ ဆက်လက် လိုက်နာကျင့်ဆောက် တည်ကြလိမ့်မည် ဟုသခင်ဘုရားကိုအမှီပြု၍သင်တို့ကို ယုံကြည်စိတ်ချပါသည်။ သင်တို့သည်ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကိုလည်းကောင်း၊ ခရစ္စတူးသခင်၏ ခံထမ်းတော်မူခြင်းကို လည်းကောင်း၊ လိုက်နာကျင့်ဆောက်တည်နိုင်ရန် သခင်ဘုရားသည်သင်တို့၏နှလုံးများကို လမ်းညွှန်တော်မူပါ စေသော်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူးယား (ဗျာဒိတ်တော်ကျမ်း - ၁၊ ၅-၆)**
အာလေလူယား၊ ယေရှုခရစ္စတူးသည် သေသူတို့တွင်သားဦးဖြစ်တော်မူ၏ ကိုယ်တော်အားဘုန်းတော်နှင့် စိုးစံတော်မူခြင်းသည် ကာလအဆက်တည်ရှိတော်မူစေသတည်း။ အာလေလူယား။

**ဧဝံဂေလိကျမ်း**

**" ဘုရားသခင်သည် သေသူတို့၏ ဘုရားမဟုတ်၊ ရှင်သောသူတို့၏ ဘုရား ဖြစ်တော်မူသည်"**

***သံလူကား ရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၂၀၊ ၂၇ မှ ၃၈ ထိ)***

ထိုကာလ၌ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်သောစာဒုစေဦးအချို့တို့သည်လည်း ချဉ်းကပ်ပြီးလျှင် ကိုယ်တော်အား မေး၍ လျှောက်ကြသည်ကား၊ ဆရာတော်ဘုရား၊ မယားရှိသော အကြင်သူသည် သားမရှိဘဲ သေခဲ့လျှင် သူ၏မယားကိုသူ့ညီယူ၍၊ အစ်ကိုအမျိုးဆက်နွယ်စေရမည်ဟု မိုးဇယ်သည် ကျွန်ုပ်တို့အားရေးထားခဲ့၏။ ညီအစ်ကိုခုနှစ်ယောက်ရှိ၏။ ပထမသည်မယားယူ၍ သားမရှိဘဲသေခဲ့လျှင် ဒုတိယသည်သူ့ကိုယူ၍ သားမရှိဘဲ သေလေ၏။ တတိယမှစ၍ ထို့အတူခုနှစ်ယောက်စလုံးသူ့ကိုယူကြ၍သားမကျန်ရစ်စေဘဲသေကြ၏။ နောက်ဆုံး၌ မိန်းမလည်းသေလေ၏။ သို့ဖြစ်၍ ရှင်ပြန်ထမြောက်ခြင်း၌ သူတို့တွင်သူသည် အဘယ်သူ၏ မယားဖြစ်မည်နည်း။ အကြောင်းမူကား ခုနှစ်ယောက်သောသူတို့သည်သူ့ကိုခင်ပွန်းပြုကြဖူး၏။ ယေရှုကလည်းလူတို့အားမိန့်တော်မူ သည်ကား  ဤဘဝသားများတို့သည်မယားနေ၍ ထိမ်းမြားပေးစားခြင်းကိုပြုကြ၏။ နောက်ဘဝနှင့်လည်းကောင်း၊ သေသောသူအစုမှ ရှင်ပြန်ထမြောက်ခြင်းနှင့်လည်းကောင်း၊ ထိုက်တန်သောသူတို့မူကား မယားမနေ၊ ထိမ်းမြားပေး စားခြင်းတို့ကိုလည်းပြုမည်မဟုတ်။ အကြောင်းမူကား သူတို့သည်သေနိုင်ဦးမည်မဟုတ်၊ ရှင်ပြန်ထမြောက်ခြင်း၏ သားဖြစ်သောကြောင့်ကောင်းကင်တမန်တို့နှင့်ညီမျှ၍ ဘုရားသခင်၏ သားဖြစ်ကြ၏။ သေသူတို့ရှင်ပြန်မည့် အကြောင်းကိုကား မိုးဇယ်သည်ချုံနား၌ ဘုရားသခင်ကို အာဗြဟံ၏ဘုရား၊ အီဇက်၏ဘုရား၊ ယာကုပ်၏ဘုရား ဟုခေါ်သောအသံဖြင့်ဖော်ပြ၏။ ဘုရားသခင်သည်သေသောသူတို့၏ ဘုရားမဟုတ်၊  အသက်ရှင်သောသူတို့၏ ဘုရားဖြစ်၏။ အကြောင်းမူကား ခပ်သိမ်းသောသူတို့သည် ကိုယ်တော်၌ အသက်ရှင်ကြ၏။
*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*